မတ်လ ၂၀၊၂၀၂၀

Lakeview မိဘနှင့် အုပ်ထိန်းသူများ

 ကျောင်းပိတ်ချိန်ကာလအတွင်း အပတ်စဉ်ဆက်သွယ်သတင်းပေးသွားပါမည်။ သင်တို့တွင် မေးခွန်းများစွာရှိသော်လည်း အဖြေများ အလုံအလောက်မရှိသေးပါ။ မိဘများ၊ ကျောင်းဝန်ထန်းများနှင့် Lakeview ကွန်မြူနီတီအတွက် လိုအပ်သလို အကူအညီပေးရန် အမြဲတန်း ရှိနေကြောင်း အသိပေးလိုပါသည်။ လက်ရှိသတင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

<u>အခမဲ့ အစားအစာရယူနိုင်ကြောင်း</u>

အခမဲ့ "to go" နံနက်စာနှင့် နေ့လယ်စာများသည် နေ့စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ အောက်ပါနေရာနှင့် အချိန်များတွင် ဧပြီလ ၃ ရက်အထိ ရယူနိုင်ပါသည်။ ဤအစားအစာကို အသက် ၁၈ နှစ် အောက် ကလေးများအားလုံးအတွက် ဖြစ်သည်။ မည်သူမဆို (လူကြီး သို့မဟုတ် ကလေး) လာယူနိုင်ပါသည်။

- မနက် ၁၁:၀၀ နာရီမှ နေ့လယ် ၁၂:၀၀:နာရီ၊ Lakeview အလယ်တန်းကျောင်းစက်ဝိုင်းပုံကားသွားရာနေရာ (Circle Drive)
- နေ့လယ် ၁၂:၀၀ နာရီမှ ၁:၀၀ နာရီ၊ Prairieview နှင့် Riverside မူလတန်းကျောင်း၏ ကားရပ်နားနေရာ (Parking lots)
- နေ့လယ် ၁:၀၀ နာရီမှ ၂:၀၀ နာရီ၊ Minges Brook မူလတန်းကျောင်း ကားရပ်နားနေရာ (Parking lots)

<u>နွေဦးရာသီကျောင်းပိတ်နှင့် ကျောင်းပြက္ခဒိန်သတင်းသစ်</u>

ကျွန်ုပ်တို့ အရေးပေါ်ကျောင်းပိတ်သည့်နေ့များကို ခွင့်လွှတ်ရန် လွှတ်တော်မှ အတည်ပြုသည့် ဥပဒေကို စောင့်ဆိုင်းနေဆဲဖြစ်သည်။ ယခုအချိန်၌ ပုံမှန်ကျောင်းပြက္ခဒိန်အတိုင်း နွေဦးရာသီကျောင်းပိတ်ရက်ကို ဧပြီလ ၆ ရက်မှ ၁၀ ရက်အထိ ဆက်လက်လိုက်နာမည်ဖြစ်ပါသည်။

<u>LHS အထက်တန်းများ၏ ပွဲလမ်းသဘင်များ</u>

ကျောင်းဆင်းပွဲ ပွဲလမ်းသဘင်နှင့်ပတ်သက်ပြီး အပြောင်းအလဲမရှိပါ။

## <u>ကျောင်းပြန်တက်ခြင်း</u>

Governor Witmer နှင့် ပြည်နယ်ကျောင်းကြီးကြပ်ရေးမှူး Rice နှင့် ကျွန်တော် မနေ့က ကွန်ဖရင့်ဖုန်း ထိုင်ပါသည်။ Governor က ကျောင်းပိတ်ကာလ တိုးချဲ့ရန် အစီအစဉ်မရှိပါ။ သို့သော်လည်း COVID-19 ပြန့်ပွားမှုအပေါ်မူတည်ပြီး စဉ်းစားဆုံးဖြတ်မည်ဖြစ်ကြောင်း ပြောသွားပါသည်။ ယခုအချိန်၌ ကျောင်းသားများ ဧပြီလ ၁၃ ရက်တွင် ကျောင်းပြန်တက်ရန် အစီအစဉ်ရှိနေဆဲ ဖြစ်ပါသည်။

## <u>အဆောက်အဦးများ ဝင်ရောက်ခွင့်</u>

ဖြစ်နိုင်ချေရှိသော ရောဂါပိုး (virus) များမှ ကင်းကွာရန် မိဘ သို့မဟုတ် ကျောင်းသားများကို ကျောင်းအဆောက်အအုံများသို့ ဝင်ခွင့်မပြုပါ။ ကျောင်းမှ မရှိမဖြစ် လိုအပ်သည့် ပစ္စည်းယူချင်မှသာ သင့်၏ကျောင်းအုပ်ကြီးကို အီးမေးလ်ပို့ပါ သို့မဟုတ် ၂၆၉-၅၆၅-၂၄၀၀ သို့ ဖုန်းခေါ်ဆိုပါ။

## <u>ဗဟိုရုံး</u>

ကျွန်ုပ်တို့ ဗဟိုရုံးမှာ ကန့်သတ်ဝန်ထမ်းများနှင့် ရုံးချိန် လျှော့ချထားပါသည်။ မိဘများ၊ ကျောင်းသားများနှင့် ကျောင်းဝန်ထမ်းများ ဗဟိုရုံးကို ၂၆၉-၅၆၅-၂၄၀၀ သို့ ဆက်လက်ဆက်သွယ်နိုင်ပါသည်။ ရုံးသို့ လူကိုယ်တိုင်လာမည် ဆိုပါက ရက်ချိန်း (Appointment) ယူရန် အရင်ဖုန်းခေါ်ပါ။ မိသားစုတစ်စုတွင် လူတစ်ယောက်သာ လူကိုယ်တိုင်ဖြင့် လာနိုင်ပါသည်။

## <u>အိမ်၌ စာသင်ခြင်း</u>

Michigan ပညာရေးဗဟိုဌာနမှ အိမ်၌လုပ်ရန် ပေးထားသော ကျောင်းစာများကို ခရက်ဒိတ် မပေးနိုင်ကြောင်း သေချာပြောသွားပါသည်။ ကျောင်းစာလုပ်ရန် မလိုပါ။ သို့သော်လည်း ကျောင်းစာကြွယ်ဝဖို့ရန်အတွက် ဖြစ်သည်။ မေးခွန်းများ မေးမြန်းချင်ပါက မိမိကျောင်းအုပ်ကြီးကို အီးမေးလ်ဖြင့် ဆက်သွယ်ပါ။

ကျောင်းပိတ်ချိန်ကာလအတွင်း သားသမီးများကို မည်သို့ ကူညီရန် မိဘများကို အကြံဉာဏ်များ ဝေမျှလိုပါသည်။
- မိမိကလေးအတွက် နေ့စဉ် အချိန်ဇယား ဆွဲပေးပါ။ ကျောင်းစာလုပ်ချိန်၊ အားကစားလုပ်ချိန်၊ တီထွင်ဖန်တီးချိန်၊ လက်တွေ့သင်ယူချိန်၊ လူမှုရေး ဝန်ထမ်းမှု (အခြားသူအတွက် လုပ်ပေးခြင်း)၊ အိမ်အလုပ် လုပ်ချိန် စသဖြင့် အချိန်ဇယား ဆွဲပေးပါ။

- ပုံမှန်အိပ်ချိန်ကို ဆက်လက်သက်မှတ်ပေးပါ။
- အနည်းဆုံး တစ်နေ့မှာ မိနစ် ၃၀ ခန့် စာဖတ်ပေးပါ။
- အိမ်အပြင်ထွက်ပြီး စူးစမ်းလေ့လာပါ။ - သူတို့၏ စိတ်ဓာတ်ကို မြှင့်တင်ပါ။
- Screen အချိန်ကို တစ်နေ့မှာ နာရီဖြင့် ကန့်သက်ပါ။
- ဘုတ်ဂိမ်းများ ကစားခိုင်းပါ။
- သင့်စိတ်ကို အေးအေးဆေးဆေးထားပါ - ကလေးများက အလိုလို လိုက်နာမည် ဖြစ်သည်။

KCC အခန်းများ

KCC အခန်းများတွင် ကျောင်းသွင်းထားသည့် ကျောင်းသားများသည် အခန်းကို online ဖြင့် သင်ယူမည် သို့မဟုတ် ကျောင်းအခန်းပယ်ဖျက်မည် ဆိုသည်ကို KCC မှ တိုက်ရိုက် အသိပေးသွားပါမည်။

နည်းပညာနှင့် အင်တာနက်ချိတ်ဆက်ခြင်း

- Wifi hotspot ကျွန်ုပ်တို့ဆီ၌ wifi hotspot များရှိပါသည်။ လာယူရန် ၂၆၉-၅၆၅-၂၄၀၀ သို့ ဖုန်းခေါ်ဆိုပြီး ရက်ချိန်းယူပါ။
- ကျွန်ုပ်တို့ဆီ၌ Chromebook မရှိတော့ပါ။ ရှိသမျှ Chromebook အားလုံးကို ဝေမျှခဲ့ပြီးဖြစ်သည်။
- Comcast က  ရက်ပေါင်း ၆၀ အခမဲ့ အင်တာနက် ပေးဝေပါသည်။ (https://www.internetessentials.com)

ကိုယ်ခန္ဓာနှင့် စိတ်ကျန်းမာရေးအတွက် အရင်းမြစ်များ

- Lakeview အထက်တန်းရှိ Grace Health ကို လောလောဆယ် ပိတ်ထားပါသည်။ Grace Health ၏လူနာများ ၂၆၉-၉၆၅-၈၈၆၆ သို့ ဖုန်းခေါ်ဆိုပြီး လူကိုယ်တိုင်မသွားသည့် Virtual နှင့် ဖုန်းဖြင့် အလည်အပတ်များလုပ်နိုင်သည်။
- Summit Pointe Intense Crisis Stabilization (ICS)အဖွဲ့ မှ Calhoun ကောင်တီရှိ လူငယ် အသက် ၀ မှ ၂၁ နှစ်များကို စိတ်ပိုင်းဆိုင်ရာကျန်းမာရေးအတွက် ကူညီပါသည်။ ၂၆၉-၄၄၁-၅၉၄၅ သို့ ဖုန်းခေါ်ဆိုနိုင်ပါသည်။

မိဘအများစုအတွက် နည်းလမ်းမျိုးစုံဖြင့် သိသိသာသာ အခက်အခဲရှိကြောင်း ကျွန်ုပ်တို့သိရှိပါသည်။ ကျွန်ုပ်၏ ရပ်ရွာနှင့် ဒေသခံ စီးပွားရေးများအတွက်လည်း အခက်အခဲများရှိပါသည်။ ဒေသခံစီးပွားရေးများက

သူတို့အလုပ်သမားများကို ဆက်လက်အလုပ်ပေးနိုင်ရန် ဖြစ်နိုင်သလောက် ဤဒေသခံစီးပွားရေးများကို ကူညီကြပါစို့။ ကျွန်ုပ်တို့အားလုံး ဤအခြေအနေတွင် အတူတူ ရှိနေကြပါသည်။ ဤခက်ခဲသည့်အချိန်များကို ဖြတ်သန်းနိုင်ရန် ကျွန်တော်တို့အတူတကွ လုပ်ဆောင်မည်ဟု ရပ်ရွာလူထုအပေါ် ယုံကြည်မှုရှိပါသည်။

Spartan ဂုဏ်ဆောင်ရင်း
Blake J. Prewitt, Ed.S.
ကျောင်းကြီးကြပ်ရေးမှူး